31 May, 2016

Naypyitaw

# မြန်မာနိုင်ငံရှိ FP2020 တိုင်ပင်ဆွေးနွေးမှု အဆင့်မြင့်အစည်းအဝေး

Pathfinder INTERNATIONAL

Sexual and reproductive health without fear or boundary

Myanmar Partners in Policy & Research (MPPR)

၂၀၁၆ခုနှစ် မေလ ၃၁ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး၊ လူမှုဝန်ထမ်းဝန်ကြီးဌာနဝန်ကြီးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အခြားသော အရာရှိကြီးများ၊ UN အဖွဲ့အစည်းများမှ အကြီးအကဲများ၊ မြန်မာ NGO များနှင့် INGO များသည် နေပြည်တော်တွင် စုဝေးကာ မိသားစုစီမံကိန်း ၂၀၂၀ ပန်းတိုင်များအတွက် ကတိခံဝန်ချက်များအား ထပ်မံအတည်ပြုခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် မိသားစုစီမံကိန်းအား လက်လှမ်းမီမှု၏ အရေးပါပုံကို ဆွေးနွေးခဲ့ကြပါသည်။

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးထံမှ အမှာစကား

ကျန်းမာရေးနှင့် အားကစားဝန်ကြီးအဖြစ် အသစ်ခန့်အပ်ခံရသော ဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် မိသားစုစီမံကိန်း၏ အရေးပါပုံအား အလေးပေးပြောကြားသွားခဲ့ပြီး မြန်မာနိုင်ငံမှ ၂၀၁၃ခုနှစ်တွင် ပြုလုပ်ခဲ့သည့် FP2020ကတိခံဝန်ချက်များကို တည်နိုင်ရန်အတွက် နိုင်ငံတွင်းမှ မိတ်ဖက်များ အတူတကွလက်တွဲလုပ်ဆောင်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးက "အားလုံးအကျုံးဝင်သော ဖွံ့ဖြိုးတိုးတက်မှု"ကို ရရှိရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့ပါသည်။ ထိုသို့သော ဖွံ့ဖြိုးမှုမျိုးကို ရရှိရန်အတွက် အစိုးရ အဆင့်မြင့်ပိုင်းများသည် INGO များနှင့် ပူးပေါင်းလက်တွဲကာ ခေတ်မီ သားဆက်ခြားနည်းလမ်းများအား တန်းတူညီမျှ လက်လှမ်းမီ အသုံးပြုနိုင်မှု မရှိဘဲ မိခင်နှင့် ကလေးသေဆုံးမှုနှုန်းများ မြင့်မားနေသည့် လူအုပ်စုများထံသို့ ရောက်ရှိ ဝန်ဆောင်နိုင်ရန် ထိရောက်စွာ လုပ်ဆောင်နေသည်ဟု ဆိုပါသည်။ မိသားစုစီမံကိန်းဝန်ဆောင်မှုများသည် လွှမ်းခြုံနိုင်မှုအပြင် အရည်အသွေးပြည့်ဝမှုနှင့် နည်းပညာကျွမ်းကျင်မှုများ ရှိရန် လိုအပ်သည့်အချက်ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် အရေးကြီးကြောင်းကိုလည်း ဝန်ကြီးက ထောက်ပြသွားပါသည်။ INGO အသိုင်းအဝိုင်း၏ ပါဝင်ကူညီမှုများအား ဝန်ကြီးက အသိအမှတ်ပြုကျေးဇူးတင်စကားဆိုခဲ့ပြီး အမျိုးသားကျန်းမာရေးသတင်းအစနစ် (HMIS)အား ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ရန် အရေးကြီးပုံကိုလည်း ပြောကြားသွားပါသည်။ ထိုအတွက် INGO များ၏ ပါဝင်ကူညီနေမှုများကို အမိအရမှတ်တမ်းတင်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိန်းဂဏန်းအချက်အလက်များကိုလည်း ပေါင်းစပ်ထည့်သွင်းခြင်းတို့အား အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၆-၂၀၂၀၏ အစိတ်အပိုင်းတစ်ခုအဖြစ် အရေးယူလုပ်ဆောင်မှုများ ပိုမိုပြုလုပ်သွားရန် လိုအပ်ပါသည်။



မြန်မာနိုင်ငံတွင် အဓွန့်ရှည်စွာ သားပျက်သားလျှောခြင်းကြောင့် သေဆုံးမှုများအပါအဝင် မိခင် သေဆုံးမှုနှုန်း မြင့်မားနေမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အမျိုးသား HMIS အား ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ခြင်းဖြင့် မှန်ကန်သော အရင်းအမြစ်များများကို မှန်ကန်သော နေရာများတွင် အသုံးပြုနိုင်ရန် အထောက်အကူဖြစ်ပုံကို ဂန်ကြီးက ရှင်းပြသွားပါသည်။ မြန်မာနိုင်ငံ၏ FP2020 ခံဝန်ကတိများအား ပြည့်မီစေခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အစိုးရသစ်၏ အဆင့်မြင့်ပိုင်းမှ အရာရှိများအား အသိပေးတင်ပြခြင်းဖြင့် ဤပန်းတိုင်များသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဂန်ကြီးက မီးယပ်သားဖွားအသင်းအဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားဆရာမများအသင်းတို့ကဲ့သို့သော ပညာရှင်အသင်းအဖွဲ့များကိုလည်း ပန်းတိုင်များ ပြည့်မြောက်စေရေးအတွက် အပြည့်အဝပါဝင်ဆောင်ရွက်ပေးကြရန် အားပေးတိုက်တွန်းခဲ့ပြီး အထူးအားဖြင့် သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီဖြစ်အောင် ပြင်ဆင်ပြောင်းလဲပေးသွားရန် ဖြစ်ပါသည်။ ထို့ပြင် ဂန်ကြီးက သူသည် ၂၀၁၆ခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံကြီးတွင် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်များထံမှလည်း ကူညီပံ့ပိုးမှုများကို တောင်းခံခဲ့ကြောင်း ပြောကြားသွားခဲ့ပါသည်။

ဂန်ကြီးက ရပ်ရွာလူထုအသိုင်းအဝိုင်းများ၏ အသံကို နားစွင့်ရန် လိုအပ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ခဲ့ပါသည်။ ဆင်းရဲ၍ ထိခိုက်လွယ်မှုရှိသော ဂန်ဆောင်မှုလုံလောက်စွာ မရရှိသည့် အုပ်စုများကို ဦးတည်ကာ ဆောင်ရွက်သည့် ရပိုင်ခွင့်အခြေပြုချဉ်းကပ်ဆောင်ရွက်မှုတစ်ခုကို ကျင့်သုံးနိုင်ရန်အတွက် ကျန်းမာရေးနစ်ကို အားကောင်းဆောင်လုပ်ဆောင်ခြင်းအား ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဂန်ကြီးက ခံယူထားပါသည်။ ထိုအတွက် ဆုံးဖြတ်ချက်ချမှတ်သူများအား မြို့နယ်ကျန်းမာရေးဦးစီးအရာရှိများနှင့် ရပ်ရွာလူထုများ၏ အသံကို နားထောင်ရန် သူက တိုက်တွန်းသွားပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ကျန်းမာရေးအရာရှိများအား ဒေသခံပြည်သူများနှင့် လက်တွဲလုပ်ကိုင်နိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပကာ ပြဿနာများကို ဖြေရှင်းပေးရန်နှင့် အောက်ခြေမှ အသံများကို နားထောင်နိုင်ရန်အတွက် လူထုအခြေပြုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ကြရန် ဂန်ကြီးက အကြံပြုခဲ့ပါသည်။

Pathfinder INTERNATIONAL
Sexual and reproductive health without fear or boundary

## မြန်မာနိုင်ငံရှိ မိသားစုစီမံကိန်း

ဂန်ကြီးမှ မိန့်ခွန်းပြောကြားပြီးနောက်တွင် ယခင် ကျန်းမာရေးဒုတိယဂန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ မြန်မာနိုင်ငံ၏ မိသားစုစီမံကိန်းအစီအစဉ်များ၏ သမိုင်းကြောင်းကို ရှင်းလင်းပြောပြခဲ့ပါသည်။ မကြာသေးမီက မြန်မာနိုင်ငံ၏ မိသားစုစီမံကိန်းအကောင်အထည်ဖော်ရေးအစီအစဉ်အား FP2020နှင့် UNFPA တို့နှင့် မိတ်ဖက်ပြုဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါတွင် အောင်မြင်စွာ ရေးဆွဲပြီးဖြစ်ပါသည်။ သို့သော် ရှေ့ဆက်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသည် ယခုအခါ ရပိုင်ခွင့်အခြေပြုအစီအစဉ်များ ရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် အသွင်ပြောင်းလဲမှုမူဘောင်ကို ရေးဆွဲရမည်ဖြစ်ရာ အညွှန်းကိန်းများကို ရွေးချယ်၍ စွမ်းဆောင်ရည်တိုင်းတာမှုနှင့် အကဲဖြတ်မှုလုပ်ငန်းစဉ်အား ပြီးမြောက်အောင် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါသည်။ ထိုကြိုးပမ်းဆောင်ရွက်မှုများအား ပံ့ပိုးကူညီရန်အတွက် မိတ်ဖက်များကြား အသိပညာမျှဝေခြင်းများကို အားပေးမြှင့်တင်ရန် လိုအပ်ပြီး လုပ်ငန်းထပ်နေခြင်းများ မရှိစေရန်နှင့် လက်ရှိ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။

Myanmar Partners in Policy & Research (MPPR)

ထို့နောက်တွင် Pathfinder International မှ Sono Aibe က ကမ္ဘာလုံးဆိုင်ရာ FP2020 အား ခြုံငုံတင်ပြပေးသွားပြီး ကျန်းမာရေးနှင့် အားကစားဂန်ကြီးဌာနမှ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးအိန္ဒြာက FP2020မဟာဗျူဟာစီမံကိန်းအား ဆွေးနွေးတင်ပြခဲ့ပါသည်။ UNFPA မှ ဒေါက်တာလှလှအေးက FP2020 လုပ်ငန်းစီမံချက် ၂၀၁၆ကို တင်ပြဆွေးနွေးကာ လက်ရှိဖြစ်ပေါ်နေသည့် ကွာဟချက်များကို အကဲဖြတ်လေ့လာရာတွင် အသုံးဝင်မည့် မကြာသေးခင်က ပြုလုပ်ခဲ့သော သုတေသနအစီရင်ခံစာအချို့အကြောင်းကိုလည်း ပြောပြသွားခဲ့ပါသည်။

သားဖွားဆရာမများအား သုံးလခံထိုးဆေးများကို ပိုမို ထိုးခွင့်ပေးခြင်းနှင့်အတူ ရောက်ရှိလာတော့မည့် Sayana Press® နှင့် မွေးလေးဆေးရုံတွင် ကလေးမီးဖွားပြီးသည့် မိခင်များအား သားအိမ်တွင်းထည့် ပဋိသန္ဓေတားပစ္စည်းများ ထည့်ပေးသည့် ရှေ့ပြေးစမ်းသပ်မှုများက မြန်မာနိုင်ငံရှိ စုံတွဲများအတွက် သားဆက်ခြားနည်းလမ်းအမျိုးမျိုးကို ရွေးချယ်အသုံးပြုနိုင်မည့် အခွင့်အလမ်းများ တိုးပွားစေမည် ဖြစ်ပါသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများအား UNFPA မှ ကူညီပံ့ပိုးမှုများက ရောက်ရှိရန် ခက်ခဲသော နေရာဒေသများနှင့် လူအုပ်စုများထံသို့ ဂန်ဆောင်မှုများ တိုးချဲ့ပံ့ပိုးပေးနိုင်ရန် အထောက် အကူပြုပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာသန်းမင်းဦးက ဒေသန္တရအဆင့်တွင် လုပ်ဆောင်နေသော မိသားစုစီမံကိန်းလုပ်ငန်းအချို့အား တင်ပြသွားပါသည်။ ပင်းတယမြို့နယ်၏ ထိရောက်သော ကျင့်သုံးလုပ်ဆောင်မှုများအား တစ်နိုင်ငံလုံးသို့ တိုးချဲ့ဆောင်ရွက် သွားသင့်သည်ဟု တက်ရောက်လာသူအချို့က ယူဆကြပါသည်။ တက်ရောက်လာသူများက မြန်မာ နိုင်ငံရှိ မိသားစုစီမံကိန်း၏ အနာဂတ်အား ဆက်လက်ဆွေးနွေးပြောဆိုကြရာ RMNCH နည်းဗျူဟာ များအား ပေါင်းစပ်ထည့်သွင်းခြင်း၊ အရန်သားဖွားဆရာမ မိသားစုစီမံကိန်းသင်တန်းများကို ပိုမို အား ဖြည့်ဆောင်ရွက်ခြင်း၊ ခရိုင်အဆင့် လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်များတွင် မိသားစု စီမံကိန်းကို ထည့်သွင်းခြင်း၊ လူဂင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ ပါဂင်ဆောင်ရွက် မှုများ၊ မိသားစုစီမံကိန်းဆိုင်ရာဥပဒေများ၊ Global Financing Facility ၏ အခန်းကဏ္ဍနှင့် အချက် အလက်ကောက်ယူစုဆောင်းမှုများကို အားကောင်းစေခြင်းစသည့် အကြောင်းအရာများကို ဆွေးနွေး ခဲ့ကြပါသည်။

တက်ကြွစွာ ပါဂင်ဆွေးနွေးကြပြီးနောက်တွင် တက်ရောက်လာသူများက မြန်မာနိုင်ငံရှိ မိသားစုစီမံကိန်း တိုးတက်စေရေးအတွက် အောက်ပါအကြံပြုချက်များအား တစ်ညီတစ်ညွတ်တည်း ပေးခဲ့ကြပါသည်။

**ကျန်းမာရေးနှင့် အားကစားဂန်ကြီးဌာနသို့ အကြံပြုချက်များ -**

၁။ ပိုမိုသိရှိအောင် အသိပေးတင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် မိသားစုစီမံကိန်းနှင့် FP2020 တို့အတွက် နိုင်ငံတော်အစိုးရ၏ ထောက်ခံအားပေးမှုကို ဆက်လက်ရရှိအောင် ဆောင် ရွက်ရန်

၂။ သားဆက်ခြားဂန်ဆောင်မှုများ ပေးခြင်းအား ပိုမို တိုးတက်ဆောင်ရွက်နိုင်စေရန် အထောက် အပံ့ပြုသည့် မူဂါဒများနှင့် လမ်းညွှန်ချက်များကို ချမှတ်ရန်

၃။ ရလဒ်ကောင်းများ အမြန်ဆုံးထွက်ပေါ်လာစေရန်အတွက် ဂန်ကြီးဌာနများကြား ပူးပေါင်း ဆောင်ရွက်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် မိတ်ဖက် ပြုဆောင်ရွက်ရန်

၄။ မိသားစုစီမံကိန်းအတွက် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးမြှင့်သုံးစွဲပေးရန်

၅။ နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့် ဘတ်ဂျက်ခွဲဂေမှုများတွင် သားဆက်ခြားဆေးဂါးပစ္စည်းများ ကို ဦးစားပေးထည့်သွင်းရန်

၆။ သားဆက်ခြားနည်းလမ်းများနှင့် ဆေးဂါးပစ္စည်းအမျိုးမျိုးအား ရွေးချယ်အသုံးပြုနိုင်မှု တိုးတက်လာအောင် လုပ်ဆောင်ပေးရန်

၇။ ပုဂ္ဂလိကကဏ္ဍမှ အချက်အလက်များအပါအဂင် အချက်အလက်များ စောင့်ကြည့်လေ့လာမှု နှင့် အစီရင်ခံတင်ပြမှုစနစ်များကို အားကောင်းအောင် လုပ်ဆောင်ရန်

၈။ လူငယ်များ၏ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဂန်ဆောင်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်

၉။ ကျားမရေးရာအား သတိပြုနားလည်သည့်၊ ရပိုင်ခွင့်အခြေပြု အစီအစဉ်များ ရေးဆွဲဆောင် ရွက်ခြင်းနှင့် အရည်အသွေးမြင့် ဂန်ဆောင်မှုများပေးခြင်းတို့ကို အားပေးမြှင့်တင်ရန်

**ထပ်ဆောင်းအကြံပြုချက်များ**

၁။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် လူထုကျန်းမာရေးဖိုရမ်များကျင်းပကာ လူထု၏ အသံကို နားထောင်ရန်

၂။ ခရိုင်ကျန်းမာရေးသတင်းအချက်အလက်ဆော့ဖ်ဝဲလ် (DHIS)-2တွင် မိသားစုစီမံကိန်း အညွှန်းကိန်းများ ကို ထည့်သွင်းရန်

၃။ လုပ်ငန်းတာဝန်များ ခွဲဝေထမ်းဆောင်ခြင်း (task sharing) ဖြင့် သားဆက်ခြား ဆေးဝါးပစ္စည်းများအား လူထုအခြေပြုဖြန့်ဝေမှုများ ပြုလုပ်ရန်

Myanmar Partners in Policy and Research (MPPR) ရန်ကုန်၊ မြန်မာ | 09-311-43799 | myanmarppr@gmail.com